# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၄၈ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

## (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၅။)

## ၁၃၁၀ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်။

## (၁၉၄၈ ခု၊ အောက်တိုဘာလ ၈ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။

အောက်ပါအတိုင်း၊ အက်ဥပဒေအဖြစ်ဖြင့် ပြဋ္ဌာန်းလိုက်သည်။

**၁၉၄၈ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းငွေ ၃၆,၈၆,၄၅,၂၇၀ (ဤအက်ဥပဒေနောက်ဆက်တွဲ ပဌမဇယားတွင် ဖော်ပြထားသည်။) ကိုထုတ်၍ ၁၉၄၈ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲ နိုင်သည်။

(၂) ၁၉၄၈ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်ဆိုင်ရာ အသုံးစရိတ်နှင့် ကိစ္စများ အတွက်၊ ၁၉၄၈ ခုနှစ်၊ မတ်လတွင် ကျင်းပသည့် တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အစည်းအဝေး၌ ခွင့်ပြုထားသော ငွေစုစုပေါင်း ၁,၃၀,၆၁,၄၆၀ (ဤအက်ဥပဒေ နောက်ဆက်တွဲ ဒုတိယဇယားတွင် ဖော်ပြ ထားသည်) ကို ခွဲဝေသုံးစွဲခြင်းသည်၊ ဤအက်ဥပဒေအရ တရားဥပဒေနှင့် ညီသည်ဖြစ်၍၊ ထိုသို့ သုံးစွဲ ခြင်းကို ဤအက်ဥပဒေအရ ခွင့်ပြုသည်ဟု မှတ်ယူရမည်။

(၃) ဤအက်ဥပဒေပုဒ်မခွဲ (၁) နှင့် (၂) တို့တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ (ဘဏ္ဍာရေး) အမိန့်အရ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**၁၉၄၈ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက်ငွေချေးယူခြင်း။**

၂။ ။ (၁) ၁၉၄၈ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွင်း ငွေစုစုပေါင်း ၃၂,၇၇,၄၂,၀၀၀ ထက်မပိုသောငွေများကို ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေး စာချုပ်များ ထုတ်ပေး ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်းတွင် ထိုငွေများကို ဘဏ္ဍာရေးဝန်ကြီးအားထုတ်ချေး ရမည်။ ထိုကဲ့သို့ ငွေချေးသော ကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည် မိမိသင့်သည်ထင်မြင်သည့် အတိုး နှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက် များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏အခွန်တော်တွင် ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့် အတိုးကို၎င်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်ပတ်သက်၍ ကုန်ကျသည့် စရိတ်ငွေများကို ၎င်း၊ ပြည်ထောင်စုနိုင်ငံ၏အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ဤအက်ဥပဒေ အတည်မဖြစ်မီ၊ ၁၉၄၈ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်း၊ ဘဏ္ဍာရေးဝန်ကြီးကချေးယူ၍ ပြည်ထောင်စု နိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းသည့် ငွေအားလုံးနှင့် ပြန်ဆပ်သည့် ငွေများသည် ဤအက်ဥပဒေအရ၊ တရားဥပဒေနှင့် ညီသည်ဖြစ်၍ ထိုငွေများကို ဤအက်ဥပဒေအရ ခွင့်ပြုသည်ဟု မှတ်ယူရမည်။

## ပဌမဇယား။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|

| | ကျပ်။ |
|---|---|
| အကောက်တော်နှင့်နိုင်ငံတွင်း အကောက်တော် ... ... | ၅,၈၆,၈၅၀ |
| အမြတ်တော်ခွန် ... ... ... | ၁,၀၀,၉၀၀ |
| မြေခွန်တော် ... ... ... ... | ၃,၈၆,၃၉၀ |
| ယစ်မျိုး ... ... ... ... | ၄,၇၀,၀၀၀ |
| တံဆိပ်တော်ခေါင်းများ ... ... ... | ၂၉,၁၆၀ |
| ဆည်မြောင်းစသည့် လုပ်ငန်းများ ... ... ... | ၂၆,၄၇,၈၈၀ |
| ကြေးနန်း ... ... ... ... | ၃၀ |
| ကြွေးမြီ ... ... ... ... | ၂၅,၂၂,၀၀၀ |
| ပါလီမန် ... ... ... ... | ၁၁,၄၈,၂၆၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၂၇,၆၂,၅၀၀ |
| တရားရေး ... ... ... ... | ၉၂,၁၂၀ |
| အကျဉ်းထောင်များ ... ... ... | ၂၂,၇၂,၂၆၀ |
| ရဲအဖွဲ့ ... ... ... ... | ၂,၂၇,၃၅,၆၇၀ |
| ရေကြောင်းဆိုင်ရာ ... ... ... ... | ၆၄,၂၁,၇၈၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ ... ... | ၁၀ |
| ပညာရေး ... ... ... ... | ၆၁,၀၈,၉၈၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး ... ... | ၅,၈၃,၄၅၀ |
| တိရစ္ဆာန်ဆေးကုသရေး ... ... ... | ၁,၈၃,၈၅၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ ... ... ... | ၅,၁၆,၅၇၀ |
| လေကြောင်းပျံသန်းသွားလာမှု ... ... ... | ၁၀ |
| အထွေထွေဌာနများ ... ... ... | ၂၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၅၁,၄၃,၈၁၀ |
| ပင်ရှင်လစာငွေများ ... ... ... | ၃၅,၀၉,၇၀၀ |
| အထွေထွေ ... ... ... ... | ၁၆,၄၀,၀၁၀ |
| ကာကွယ်ရေး ... ... ... ... | ၆၀ |
| ပြည်သူ့ထောက်ပံ့ရေး ... ... ... | ၂၉,၆၆,၈၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီတင်ရှိသည့်ကြွေးမြီတာဝန်များ ... | ၅၁,၀၃,၀၀၀ |
| မြန်မာနိုင်ငံတော်မီးရထားအဖွဲ့အတွက် ချေးငွေများ ... ... | ၇၀,၀၀,၀၀၀ |
| ပေါင်း ... | ၃၆,၈၆,၄၅,၂၇၀ |

## ဒုတိယဇယား။

[ပုဒ်မ ၁ (၂) ကိုကြည့်ပါ။]

| | | | | |
|---|---|---|---|---|
| | | | | ကျပ် |
| တံဆိပ်တော်ခေါင်း | ... | ... | ... | ၇၆,၈၀၀ |
| အခြားအခွန်တော်များနှင့် အကောက်တော်များ | | ... | ... | ၁,၇၀,၄၅၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ... | ... | ... | ၃၀ |
| ပညာရေး | ... | ... | ... | ၁၀ |
| ပြည်သူ့ကျန်းမာရေး | ... | ... | ... | ၁၀,၀၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမ ငွေချေး | | ... | ... | ၆၂,၀၀,၀၁၀ |
| လေကြောင်း | ... | ... | ... | ၅၆,၁၄,၀၇၀ |
| ပင်ရှင်လစာငွေများ | ... | ... | ... | ၁၀ |
| အထွေထွေ ... | ... | ... | ... | ၁၀ |
| ကာကွယ်ရေး ... | ... | ... | ... | ၇၀ |
| | | ပေါင်း | ... | ၁,၃၀,၆၁,၄၆၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**စဝ်ရွှေသိုက်။**
**နိုင်ငံတော်ယာယီသမတ၊**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်။**

**ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်။**
**(၁၉၄၈ ခု၊ အောက်တိုဘာလ ၈ ရက်။)**

**အမိန့်အရ၊**
**ရွှေဘော်၊**
**နိုင်ငံတော်သမတအတွင်းဝန်။**
**[အမှတ် ၁၈၆]**